# အရိပ်လိုကပ်ပါနေတဲ့ အတိတ်ပုံရိပ်များ

ရှေးခေတ် သူ့ရဲ့ကောင်းများ
ခါးခါးချင်း ယှဉ်ခုတ်တယ် ၊
မိုက်ရူးရဲဆန်တဲ့ ကောင်းဘွိုင်များ
သေနတ်ချင်း ယှဉ်ပစ်တယ် ၊
သူ့ရဲ့ဘောကြောင်သူ စစ်ခွေးများ
ချောင်းမြောင်းကိုက်ပြီး လုပ်ကြံသတ်ဖြတ်
ဒီပဲယင်းမှာ သွေးချောင်းစီးခဲ့တယ် ။

ဖြစ်ကတတ်ဆန်း ခေတ် ကြမ်းကြမ်းမှာ
စကားလုံးများလဲ မနူးညံ့တော့
နာကျည်း ကျိန်းဝါးသံများသာ
နားဆတ်ဆတ် မြင်ယောင်ကြားနေမိတယ် ။

ဒေါသ လေထန် မုန်တိုင်းဖြစ်
မျက်ရည်မြစ်များ
ရင်နင့် ကြေကွဲခြင်း ပင်လယ်ထဲစီးဆင်း
လမိုက်ညဟာ သွေးစက်များ စွန်းထင်းပေကျံခဲ့တယ် ။

အမှားနဲ့ အမှန်ဆိုတာ
ပြုပြင်ပြောင်းလဲချင်တဲ့ စိတ်ရှိမယ်ဆိုရင်
အိမ်ဦး နဲ့ ကြမ်းပြင်လို နီးတယ် ။

ရွှေရည်မစိမ်တဲ့ ငြိမ်းချမ်းရေးဆိုတာ
အစွမ်းထက် အသက်ရှည်ဆေး တစ်ခွက်ဖြစ်သလို
ရန်ဖြစ်နေတဲ့ စစ်ကတော့
အဆိပ်ရည် အပြည့်နဲ့ အနုမြူစက်ရုံလို လည်ပတ်နေတယ် ။

ဒီစနစ်ရိုင်း မှာ
ဒီပဲယင်း အကြမ်းဖက်မှုကို
စစ်အာဏာပိုင်များရဲ့ ခါးပိုက်ဆောင်လူမိုက်များ
စနစ်တကျ မိုက်ရိုင်း ထွားကြိုင်း ၊ ထင်တိုင်းကြဲ
ဘဝများစွာကို အမဲဖျက်သလို ဖျက်ခဲ့
အတိတ်ပုံရိပ်များ အရိပ်လိုခြောက်လန့်နေကြတယ်။

စနစ်ဆိုးရဲ့ ထိမ်းချုပ်ခံထားရတာများ
ယိမ်းလုပ်ပြီး ကြိုးဆွဲရာ ကနေကြ ၊
တောက်ခေါက်သံတောင် ကျယ်ကျယ် မခေါက်ရဲအောင်
ကြောက်နေကြဦး မယ်ဆိုရင်
ဒုက္ခများ ခေါင်းမော့ ရင်ကော့ပြီး
ဆိုဝါးတဲ့ဘဝများကို နေ့စဉ် ခလုတ်တိုက်နေလိမ့်မယ် ။

မင်းရဲကျော်စွာ